# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်ဦး ခွင့် ၃ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၃ ရက်နှင့်

(၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၃ ရက် တို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

**မူကြမ်း**

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မုံကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မုံကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံ အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်သို့ တင်ပြမေးမြန်းခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားရာမှာ မိုင်းရယ်မြို့နယ်၊ မန်မုံကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံ အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုချက် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို ၂၉-၄-၂၀၁၆ ရက်နေ့မှာ ပြုလုပ်တဲ့အခါမှာ မိုင်းရယ်မြို့နယ်၊ မန်မုံကျေးရွာမှာ တိုက်နယ်ဆေးရုံ တိုးချဲ့တည်ဆောက်ဖွင့်လှစ်ရေးနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများက တင်ပြမေးမြန်းခဲ့ကြပါတယ်။ သက်ဆိုင်ရာမြို့နယ်ဆရာဝန်က မန်မုံကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် ဖွဲ့စည်းပုံခွင့်ပြုချက်ကျပြီး ဆရာမနှစ်ဦးလည်း ရောက်ရှိ ပြီးဖြစ်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ သို့သော်လည်း မြေပြင်မှာ ယနေ့ထိတိုင် တိုက်နယ်ဆေးရုံနှင့် စပ်ဆိုင်တဲ့ အဆောက်အဦတစ်ခုမျှ ဆောက်လုပ်မှုမရှိသေးပါ။ ဆောင်ရွက်ချက်တစ်စုံတစ်ရာ မတွေ့ ရှိရသေးတဲ့အတွက် ဒေသခံပြည်သူများက မျှော်လင့်နေလျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် မေးမြန်း လိုသည်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မုံကျေးလက် ကျန်းမာရေးဌာနခွဲ အား တိုက်နယ်ဆေးရုံအဖြစ်သို့တိုးမြှင့်ပြီး လိုအပ်တဲ့ဆေးရုံဆိုင်ရာ အဆောက်အဦများ ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် မည်သည့်ကာလမှာ အပြီး ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မုံကျေးလက်ကျန်းမာရေး ဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားရှိ ကြောင်းနှင့် မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း နှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် အတွင်းရှိ မန်မုံကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေးအမှတ်စဉ်(၈/၂၀၁၅)မှ သဘောတူညီပြီးဖြစ်ပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီး ဌာန၏ ၁၂-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ကမဘ/ဃ-၁၄၀၇/၁၆၁ ဖြင့် အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဆောက်အဦဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ တင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများကိုပါ တာဝန်ချထားပေးမည်ဖြစ်ကြောင်း တင်ပြလို ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းတင်ပြရရင် လူဦးရေနှင့် လူဦးရေသိပ်သည်းမှု၊ လမ်းပန်း ဆက်သွယ်ရေးနှင့် သဘာဝပထဝီအနေအထား၊ လုံလောက်သောမြေအကျယ်အဝန်း၊ ရောဂါဖြစ်ပွားမှု အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်းနှင့်ပြန့်ပွားမှုနှုန်း၊ ဝန်ထမ်းလိုအပ်ချက်များရှိနိုင်/မရှိနိုင်၊ ပတ်ဝန်းကျင် ဒေသရှိ ဖွင့်လှစ်ပြီးသော ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲများရှိ/မရှိကို အခြေခံထားပြီးမှ စဉ်းစားရပါတယ်။ ယခု ကျေးလက်ကျန်းမာရေး ဌာနခွဲမှ တိုက်နယ်ဆေးရုံသို့ အဆင့်မြှင့်ဖွင့်လှစ်မည်ဆိုပါက ဝန်ထမ်းအနေဖြင့် လက်ရှိ ဖွဲ့စည်းပုံ အမှုထမ်းနှစ်ဦးတို့အတွက် တစ်နှစ်ကုန်ကျစရိတ် ၃.၆ သန်းမှ အရာထမ်းနှစ်နေရာ၊ အမှုထမ်း ၁၇ နေရာ စုစုပေါင်း ၁၉ နေရာအတွက် တစ်နှစ်ကုန်ကျစရိတ် ၃၅.၃၄ သန်းဖြစ်လို့ ရန်ပုံငွေ

၃၁.၇၄ သန်း ပိုမိုကုန်ကျမှာ ဖြစ်ပါတယ်။ စံကိုက်အဆောက်အဦဆောက်လုပ်ရန်အတွက် ရန်ပုံငွေ ကုန်ကျမှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျပ်သန်း ၆၀၊ ယခု တိုက်နယ်ဆေးရုံအတွက် ကျပ်သန်း ၆၀၀ သတ်မှတ်ထားကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**၂၀၁၆ ခုနှစ်၊ လာမည့်နွေရာသီတွင် အယ်လ်နီညိုသက်ရောက်မှုကြောင့် ရေလျော့နည်းဆုံးရှုံးမှု ပိုဖြစ်နိုင်ပါသဖြင့် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် ဝန်ကြီးဌာနအနေနှင့် မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တောင်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်အေး ဖြစ်ပါတယ်။ အားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့တွင် တင်သွင်းခဲ့တဲ့ ၂၀၁၆ ခုနှစ်တွင်ဖြစ်ပေါ်လာမယ့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအဆိုအပေါ် အခုနွေရာသီတွင် ဖြစ်ပေါ်နိုင်တဲ့ လျှပ်စစ်ဓာတ်အားအခြေအနေကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၎င်းဆွေးနွေးခဲ့သလို မြန်မာနိုင်ငံဟာ ရေအားလျှပ်စစ်အပေါ်မှာ ၆၀ ရာခိုင်နှုန်းကျော် အမှီသဟဲပြုနေရတဲ့အတွက် နွေရာသီရောက်တိုင်း ရေအားလျှပ်စစ်ထုတ်ပေးနေတဲ့ ဆည်တွေဟာ ရေအဝင်နည်းခြင်း၊ ဆည်ထဲမှာရှိတဲ့ရေဟာ ရေငွေ့ပျံနှုန်းမြင့်မားခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တိုင်း ထုတ်ပေးနိုင်ခဲ့ခြင်းမရှိတာကို နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ အထူးသဖြင့် ယခုနှစ်မှာ အယ်လ်နီညိုသက်ရောက်မှုကြောင့် ရေလျော့နည်းဆုံးရှုံးမှု ပိုမိုဖြစ်နိုင်တဲ့အတွက် လျှပ်စစ်ဓာတ်အား ပိုမိုလျော့နည်းနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ်နွေရာသီမှာ လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရန် ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်အေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နွေရာသီကာလမှာ အယ်လ်နီညို သက်ရောက်မှုကြောင့် ရာသီဥတုပူပြင်းပြီး ရေလျော့နည်းမှုများ ပိုမိုဖြစ်လာနိုင်သဖြင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှာ သက်ရောက်မှုများ ရှိလာနိုင်ပါ တယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှာ လက်ရှိ လောင်စာအမျိုးအစားအလိုက် စက်တပ်ဆင် အင်အားများကတော့ ရေအား ၆၄.၇၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးက ၃၃.၃၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီဇယ်ကတော့ ၁.၉၃ ရာခိုင်နှုန်းအသီးသီး ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် တုန်းက စက်တပ်ဆင်အင်အားကို ပြန်ကြည့်မယ်ဆိုရင် ရေအားက ၇၂.၃၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးက ၂၂.၇၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျောက်မီးသွေးက ၂.၉၃ ရာခိုင်နှုန်းဖြစ်ပြီးတော့ ဒီဇယ်က ၁.၉၃ ရာခိုင်နှုန်း အသီးသီးဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နွေရာသီမှာ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံများဟာ ဓာတ်အားထုတ်လုပ်မှု ကျဆင်းခဲ့တဲ့အတွက် ဓာတ်အားစနစ် တည်ငြိမ်မှုရရှိစေဖို့ ဝန်အားလျှော့ချပြီးတော့ အလှည့်ကျဓာတ်အားပေးရတဲ့ အခြေအနေများ ကြုံတွေ့ ခဲ့ရပါတယ်။ အဲဒီတော့ ရေအားလျှပ်စစ်က နွေရာသီကာလ ဓာတ်အားထုတ်လုပ်မှု လျော့ကျသွားတဲ့ ပမာဏကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အချိန်တိုအတွင်း ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များ ငှားရမ်းတဲ့စနစ်နဲ့ ဓာတ်အားထုတ်လုပ်ခြင်း၊ ခွဲဝေရရှိတဲ့ သဘာဝဓာတ်ငွေ့လောင်စာကို အသုံးပြုပြီးတော့ စက်စွမ်းရည်ပိုမို ကောင်းမွန်ပြီး ဓာတ်အားပိုမို ထွက်ရှိတဲ့စက်များ အစားထိုးတပ်ဆင်နိုင်ဖို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ ပြီးတော့ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် နွေရာသီကာလတွေမှာ ဝန်အားလျှော့ချရခြင်း မရှိဘဲနဲ့ ပုံမှန်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ခဲ့ပါတယ်။ ရေအားလျှပ်စစ်စက်ရုံများရဲ့ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုအခြေ အနေများကို ယခင်နှစ်များနှင့် ကျွန်တော်တို့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ရဲရွာရေလှောင်တမံက ၁၄.၄၇

ပေ၊ ဇောင်းတူရေလှောင်တမံက ၉.၅၈ ပေ၊ သဖန်းဆိပ်ရေလှောင်တမံ က ၁၃.၁ ပေ၊ ရဲနွယ်ရေလှောင်တမံက ၇.၉၄ ပေ၊ ခပေါင်းရေလှောင်တမံက ၁၀.၀၅ ပေ၊ ဆည်တော်ကြီးရေလှောင်တမံက ၄.၁၀ ပေ အသီးသီးမြင့်တက်ပြီးတော့ ရေသိုလှောင်ထားနိုင်တာကို တွေ့ရပါတယ်။ သို့သော် မိုးပြေရေလှောင်တမံ အနေနဲ့ ၂.၅၃ ပေ၊ ရွှေကျင်ရေလှောင်တမံအနေနဲ့ ၉.၈၇ ပေ၊ အထက်ပေါင်းလောင်း ရေလှောင်တမံ အနေနဲ့ ၄.၈၉ ပေ၊ ကျွန်းချောင်းရေလှောင်တမံအနေနဲ့ ၅.၃ ပေ၊ ကင်းတားရေလှောင်တမံက ၆.၀၄ ပေ၊ ဖြူးချောင်းရေလှောင်တမံက ၄.၁၃ ပေ၊ ကြီးအုံကြီးဝရေလှောင်တမံက ၁၄.၂၀ ပေ နှင့် သောက်ရေခပ်(၂)ရေလှောင်တမံက ၉.၃၂ ပေ အသီးသီး လျော့နည်းလျက်ရှိတာကို စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်၊ နွေရာသီကာလမှာ အယ်လ်နီညိုသက်ရောက်မှုကြောင့် ရေလျော့နည်းမှု အနည်းငယ်ရှိသော်လည်း ရေအားစက်ရုံများ အနေဖြင့် ပုံမှန်လည်ပတ်မောင်းနှင်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ နွေရာသီကာလမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများရဲ့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မယ့် အခြေအနေကို စိစစ်ကြည့်တဲ့အခါမှာ ရေအားစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံက ၁၅၅၀ မဂ္ဂါဝပ်နှင့် ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံက ၉၀၀ မဂ္ဂါဝပ် စုစုပေါင်း ၂၄၅၀ မဂ္ဂါဝပ် ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နွေရာသီကာလမှာ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တွက်ချက်တဲ့အခါမှာတော့ အများဆုံး ၂၇၃၀ မဂ္ဂါဝပ်ဖြစ်တဲ့အတွက် ထုတ်လုပ်နိုင်မှုထက် ၂၈၀ မဂ္ဂါဝပ်ခန့် ထပ်မံလိုအပ်မည်လို့ ခန့်မှန်းတွက်ချက်ရရှိပါတယ်။ ၂၀၁၆ ခုနှစ် နွေရာသီ အယ်လ်နီညို သက်ရောက်မှုကြောင့် ရေလျော့နည်းဆုံးရှုံးမှုဖြစ်ပေါ်ပါက ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ဖေဖော်ဝါရီလမှ ဇွန်လအထိ ၁၀၀ မဂ္ဂါဝပ်၊ ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့မှ ကုဗပေသန်း ၄၀ ထပ်မံရရှိတဲ့အတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများဖြစ်တဲ့ ကျောက်ဖြူ Gas Turbine Engine ကနေပြီးတော့ မတ်လက စတင်ပြီး ၄၅ မဂ္ဂါဝပ်၊ မြင်းခြံ(Gas Engine)က မေလကစပြီး ၁၃၀ မဂ္ဂါဝပ် ထွက်ရှိလာမှာ ဖြစ်ပါတယ်။ JICA ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိတဲ့ သီလဝါ Gas Turbine ကတော့ မေလကစပြီးတော့ ၂၅ မဂ္ဂါဝပ်ထွက်ရှိမှာ ဖြစ်တဲ့အတွက် စုစုပေါင်း ၃၀၀ မဂ္ဂါဝပ် ဓာတ်အားတိုးတက်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နွေရာသီကာလအတွက် တွက်ချက်မှုများအရ တိုးတက်လာမယ့် ဓာတ်အားပမာဏ လိုအပ်ချက် ၂၈၀ မဂ္ဂါဝပ်အတွက် ဝန်ကြီးဌာနမှ ပုံမှန်ထုတ်လုပ်တဲ့ ၂၄၅၀ မဂ္ဂါဝပ်အပြင် ၃၀၀ မဂ္ဂါဝပ်အား ထပ်တိုး

ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ တိုးတက်ရရှိလာမယ့်ဓာတ်အားကို ပို့လွှတ်နိုင်ရေးအတွက်လည်း မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများ၊ ဆက်စပ်ဓာတ်အားခွဲရုံများရဲ့ ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အယ်လ်နီညိုရာသီဥတုသက်ရောက်မှုကြောင့် ရေလျော့နည်းဆုံးရှုံးမှုဖြစ်ပေါ်နိုင်တဲ့ ၂၀၁၆ ခုနှစ် နွေရာသီကာလမှာ ပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သက်ဆိုင်ရာဌာနအသီးသီးက ကြိုတင်ဆောင်ရွက်ရန်လိုအပ်တဲ့ ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေး ကဏ္ဍအားလုံးမှာ ကြိုတင်ပြင်ဆင်စီမံထားရှိပါကြောင်း ဖြေကြားရင်း ကျွန်တော့်ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲဒေသနေ ပြည်သူတချို့အား သက်ဆိုင်ရာက မုန်းဝန်း(တရုတ်)လူမျိုးမှ မုန်းဝန်း(ဗမာ)တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးကြောင်းသိရှိရပါသဖြင့် မည်သည့်အကြောင်းများကြောင့် တရားဝင်အတည်ပြုပေးခဲ့ပါသနည်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးတစ်မျိုးမျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုပါက ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အကြောင်းပြချက်များဖြင့် သတ်မှတ်ဆောင်ရွက်အတည်ပြုပေးနိုင်ပါမည်နည်း၊ လူမျိုးအမည်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက မည်ကဲ့သို့မူဝါဒချမှတ် ဆောင်ရွက်ထားပါသနည်း၊ မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်။ တိုင်းရင်းသားအမည်သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အတွင်းဝန်ဦးမြင့်ကြိုင်က ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါစာအမှတ်၊ ၂/ဒ၃-၁၀၀၄၁/လဝန နဲ့ပေးပို့ခဲ့တဲ့ တာမိုးညဲဒေသ၊ မုန်းဝန်းတိုင်းရင်းသားများအား မုန်းဝန်း(ဗမာ)ဟု သတ်မှတ်အသုံးပြုရန်ကိစ္စနှင့်ပတ်သက်နေပါတယ်။ စာပါဖော်ပြချက်များအရ ၂၀၁၀ ပြည့်နှစ်မှာ နိုင်ငံတော်အေးချမ်းသာယာရေး

နှင့်ဖွံ့ဖြိုးရေးကောင်စီက မုန်းဝန်း(ဗမာ)လူမျိုးသတ်မှတ်ပေးမှုကို တရားဝင်ဆက်လက်အတည်ပြု ပေးနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတထံတင်ပြလာမှုနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲတွေမှာ ဆန္ဒမဲပေး နိုင်ဖို့အတွက် မုန်းဝန်း(ဗမာ)ဟု သတ်မှတ်ပေးပြီး မှတ်ပုံတင်လဲပေးဖို့ မှတ်ချက်ပြုခဲ့တဲ့အကြောင်း ပါရှိပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း တာမိုးညဲဒေသရှိလူမျိုး တွေကို ၂၀၁၉ ခုနှစ်မှစတင်ကာ လူမျိုးနေရာ၌ မုန်းဝန်း(တရုတ်)အစား မုန်းဝန်း(ဗမာ) ဗုဒ္ဓဘာသာလို့ ဖော်ပြခဲ့ပြီး စာရင်းရေးသွင်းခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါမုန်းဝန်းလူမျိုးများနှင့်ပတ်သက်ပြီး ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲတွေကနေပြီးတော့ နိုင်ငံတော်လုံခြုံရေးအတွက် ပူးပေါင်း ပါဝင်မှုများအပေါ် အသိအမှတ်ပြုမှုများရှိခဲ့ကြပြီး ၁၉၉၈ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်မှာ မုန်းဝန်း တိုင်းရင်းသားအမည်ကနေပြီးတော့ တာမိုးညဲဒေသ(ဗမာ)တိုင်းရင်းသားအမည်ဖြင့် သတ်မှတ်ပေးမယ့် အကြောင်း မိန့်ကြားခဲ့တယ်လို့လည်း ရေးသားထားပါတယ်။ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄ အရ မည်သည့်မျိုးနွယ်စုက တိုင်းရင်းသားဖြစ်/မဖြစ်ဆိုတာကို နိုင်ငံတော်ကောင်စီက ဆုံးဖြတ်နိုင်ပါတယ်။ သို့သော်လည်း မုန်းဝန်းလူမျိုးသည် နေထိုင်ရာဒေသကိုအစွဲပြုပြီး ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ မုန်းဝန်းဆိုတဲ့အမည်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ထဲမှာရှိတဲ့ မုန်းဝန်း၊ ရှမ်းအခေါ် မုန်းဝန်းဒေသဖြစ်ပါတယ်။ အဲဒီဒေသကိုအစွဲပြုပြီး မုန်းဝန်း(တရုတ်)လို့ ဒေသအခေါ် ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့၊ လူဦးရေအများဆုံးဖြစ်တဲ့ ဗမာလူမျိုးများနဲ့ ဘယ်လို မှဆွေမျိုး တော်စပ်မှုလည်းမရှိ၊ အသွေးအသားအရ၊ အသားအရေအရ၊ ဘာသာစကားအရ၊ ဓလေ့ ထုံးစံများအရ သိသာစွာကွဲပြားမှုရှိနေကြတာဖြစ်ပါတယ်။ အဲဒီလိုဆက်စပ်မှုမရှိတဲ့ လူမျိုးနှစ်မျိုးရဲ့ အမည်ကို မည်သို့သော လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေတွေနဲ့ သတ်မှတ်ခေါ်ဆိုခဲ့ကြတယ်ဆိုတာကို မသိရှိရပါ။ လုပ်ထုံးလုပ်နည်းများရှိရင်လည်း ပြန်လည်သုံးသပ်ဖို့လိုလိမ့်မယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားအဖြစ် ခံယူလိုသော အခြားအခြားသောလူမျိုးများအတွက်လည်း ဝေဖန်ထောက်ပြစရာ အကြောင်းအရာတစ်ခု ဖြစ်ပေါ်လို့နေပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ (က) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲဒေသနေပြည်သူအချို့အား သက်ဆိုင်ရာက မုန်းဝန်း(တရုတ်)လူမျိုးမှ မုန်းဝန်း(ဗမာ) တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အကြောင်း များကြောင့် တရားဝင်အတည်ပြုပေးခဲ့ပါသလဲ။ (ခ) မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော လူမျိုး

တစ်မျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုပါက ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိမယ်ဆိုပါက မည်သည့်အကြောင်းအချက်တွေနဲ့ သတ်မှတ်ဆောင်ရွက် အတည်ပြုပေးနိုင်ပါသလဲ။ (ဂ) လူမျိုးအမည် သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရက မည်သို့သောမူဝါဒတွေချမှတ် ဆောင်ရွက်ထားပါသလဲ။ မည်သည့်ဥပဒေ၊ မည်သည့်လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်ပါသလဲဆိုတာကို နိုင်ငံသားပြည်သူများ ရှင်းရှင်းလင်းလင်းသိရှိနိုင်ရန်အတွက် ပြန်လည်ဖြေကြားပေး စေလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားရမယ်ဆိုလို့ရှိရင် ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ တာမိုးညဲဒေသမှာနေတဲ့ ပြည်သူတချို့ကို တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးခြင်းမရှိပါကြောင်း ဖြေကြားလိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ အနည်းငယ်ဖြည့်စွက်ပြီး တင်ပြရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲဒေသမှာရှိတဲ့ မုန်းဝန်းလူမျိုးများဟာ တာမိုးညဲဒေသမှာ အစဉ်အဆက်အခြေချနေထိုင်လာခဲ့တဲ့ လူမျိုးများ ဖြစ်ပါတယ်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ရဲ့ လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များတွင်လည်း နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် လက်တွဲပြီး ပါဝင်ကူညီပံ့ပိုးခြင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပြီး လက်နက်ကိုင်သောင်းကျန်း သူများကို တပ်မတော်နှင့်အတူ ပူးပေါင်းတိုက်ခိုက်ခြင်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ လူမျိုးတစ်မျိုးဖြစ်ပါတယ်။ မုန်းဝန်းလူမျိုးများဟာ မြန်မာနိုင်ငံတွင် အစဉ်အဆက်အခြေစိုက်နေထိုင်ခဲ့ကြ သူများဖြစ်တာနှင့်အညီ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေနဲ့ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများအရ

အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ခဲ့ကြသူများ ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်ကစပြီးတော့မှ မုန်းဝန်းလူမျိုးများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ပြီးတော့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စတင်ဆောင်ရွက်ပေးခဲ့တဲ့နေရာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ လူမျိုးရဲ့ အမည်ရေးသားဖော်ပြတဲ့အခါမှာ လုပ်ထုံးလုပ်နည်းအရ ကာယကံရှင်ရဲ့ တရားဝင် ပြောဆိုချက်ကိုသာ အခြေခံပြီးတော့ ရေးသွင်းခဲ့ရတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကာယကံရှင်တစ်ဦးချင်းစီရဲ့ ပြောဆိုချက်များအရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ လူမျိုးရေးအမည်ရေးသွင်းရာ၌ လူမျိုးအမည် ရှစ်မျိုးရေးသွင်းထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီအမျိုးကတော့ -

(က) မုန်းဝန်းတရုတ်၊

(ခ) တရုတ်မုန်းဝန်း၊

(ဂ) မုန်းဝန်းဗမာ၊

(ဃ) မုန်းဝန်း၊

(င) ဗမာ(မုန်းဝန်း)၊

(စ) မုန်းဝန်း + တရုတ်၊

(ဆ) မုန်းဝန်း + ကိုးကန့်၊

(ဇ) မုန်းဝန်း + (တိုင်းရင်းသား) စတဲ့ရှစ်မျိုးကွဲပြားနေတာတွေ့ပါတယ်။

မုန်းဝန်းလူမျိုးများရဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ရဲ့အကျိုး ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုတဲ့အနေနဲ့လည်းကောင်း၊ မုန်းဝန်းလူမျိုးများကိုင်ဆောင်ထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ လူမျိုးအမည်က တစ်မျိုးမျိုး ရေးသွင်းထားမှုအပေါ်ကို တစ်ပြေးညီဖြစ်စေရန်အတွက်လည်းကောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲဒေသခံပြည်သူများရဲ့ကိုယ်စား နိုင်ငံတော်အကြီးအကဲများထံ တင်ပြလာမှုအပေါ် ကျွန်တော်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများအပေါ်မှာ ကာယကံရှင်ရဲ့တင်ပြလာမှုရှိလို့ရှိရင် မုန်းဝန်းလူမျိုးများအား မုန်းဝန်း(ဗမာ)ဟု ပြန်လည်အစားထိုးလဲလှယ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ မုန်းဝန်း(ဗမာ)ဟု ပြင်ဆင်ရေးသွင်းပေးရန် ဆောင်ရွက်ပေးခြင်းသာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ ရေးသွင်းပေးရတဲ့အချက်အလက်များဟာ ကာယကံရှင်အတွက် ခိုင်မာတဲ့အထောက်အထားဖြစ်စေဖို့ လူမျိုးရေးသွင်းနည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ ညွှန်ကြားချက်များအရ ရေးသွင်းခံရသူကာယကံရှင်ရဲ့ တရားဝင်ပြောဆိုချက်ကိုသာ အခြေခံရေးသွင်းရခြင်း ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ရေးသွင်းတဲ့အချက်များဟာ ဆောင်ရွက်ခဲ့ရတဲ့ကာလ၊ ဒေသ၊ အခြေအနေအရ အထက်ပါအတိုင်း အမျိုးမျိုးကွဲပြားနေသဖြင့် တစ်ပြေးညီအဆင်ပြေစေရန်အတွက် ကာယကံရှင်တစ်ဦးချင်းစီမှ ဆန္ဒပြုလာပါက မုန်းဝန်း (ဗမာ)ဟု ရေးသွင်းပေးရန်ခွင့်ပြုခဲ့ခြင်းသာဖြစ်ပြီးတော့မှ တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးခဲ့ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းနှင့် ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လူမျိုးတစ်မျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုပါက ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ လူမျိုးတစ်မျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခြင်းကို တည်ဆဲဥပဒေများအရ မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းရဲ့ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တတိယမေးခွန်းမှာပါရှိတဲ့ လူမျိုးအမည်သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီးတော့မှ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ အခန်း(၂) နိုင်ငံသားဖြစ်ခြင်း ခေါင်းစဉ်ပါ ပုဒ်မများတွင် ဖော်ပြထားသည့်အတိုင်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ လာရောက်ဖြေဆိုတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုဖြေဆိုသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်နောက်ဆက်တွဲမေးခွန်းလေး တစ်ခုမေးချင်ပါတယ်ခင်ဗျား။ အဲဒါကတော့ ဝန်ကြီးဖြေသွားတဲ့အထဲမှာလည်းပါပါတယ်။ ဒီလူမျိုး ရှစ်မျိုးလောက်ကွဲနေတဲ့ကိစ္စကို တစ်မျိုးတည်းဖြစ်ဖို့အတွက် မုန်းဝန်း(ဗမာ)ဖြစ်နိုင်ရင် ရေးပေးဖို့ဆိုတဲ့အဖြေကို ကြားလိုက်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြားသိဖူးတဲ့ လုပ်ထုံးလုပ်နည်းများအရဆိုရင် ဒီမှတ်ပုံတင်ထဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားထဲမှာ လူမျိုးရေးသွင်းတဲ့နေရာမှာ အဓိကအားဖြင့် အဖေ၊ အမေရဲ့ လူမျိုးနွယ်နှစ်ခုကို ပေါင်းပြီးတော့ ရေးတာလည်းရှိပါတယ်။ ဥပမာ- ရှမ်းလူမျိုးနဲ့ ကချင်လူမျိုး အိမ်ထောင်ပြုတယ်ဆိုလို့ရှိရင် သား/သမီးနေရာမှာ ရှမ်းကချင်လို့ရေးတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်

ပြီးတော့လည်း ကျွန်တော်တို့ တိုင်းရင်းသားအမည်ထဲမှာ ပြဿနာရှိနေတာလေးတွေရှိပါတယ်။ ဥပမာ- ကျွန်တော်တို့ ရှမ်းလူမျိုးထဲမှာဆိုလို့ရှိရင်တောင်မှ ရှမ်းဗမာ၊ ရှမ်းတရုတ်ဆိုတာ တော်တော်လေး ပြဿနာရှိပါတယ်။ ဒီရှမ်းလူမျိုးနွယ်စုကို ရေးတာဖြစ်သော်လည်းပဲ လုပ်ထုံးလုပ်နည်းအရကြည့်လို့ ရှိရင် ရှမ်းနဲ့တရုတ် ယူထားပြီးတော့မှ ပေါက်ဖွားလာတဲ့ အနွယ်လိုလို၊ ရှမ်းနဲ့ဗမာ အိမ်ထောင်ဖက် ပြုပြီးတော့မှ ပေါက်ဖွားလာတဲ့အနွယ်လိုလို ဒီလိုမျိုးလည်း အထင်ခံရပါတယ်။ ကျွန်တော်တို့ ဒီမျိုးနွယ်ထဲမှာ ဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ အခု ဒီမှာ မုန်းဝန်း(ဗမာ)လို့ ရေးလိုက်တဲ့နေရာမှာ မုန်းဝန်းလူမျိုးနဲ့ ဗမာလူမျိုးနဲ့ အိမ်ထောင်ဖက်ပြီးပေါ်လာတဲ့ လူမျိုးအသွင်သဏ္ဍာန်မျိုးလည်း ဖြစ်နေ ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရှေ့ကို ကျွန်တော်တို့ ဒီနိုင်ငံတော်ကနေပြီးတော့ ဒီကိစ္စတွေကို ဘယ်လို ရှေ့ဆက်ပြီးတော့ ဖြေရှင်းသွားမလဲဆိုတာကိုလည်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသန့်ဇင်ရဲ့ နောက်ဆက်တွဲမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်ဖြေကြားလိုပါတယ်။ ကျွန်တော်ဖြေကြားတဲ့ အထဲမှာလည်းပဲ ပါခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မှတ်ပုံတင်ကတ်မှာ ရေးသားခဲ့တဲ့အချက်သည် ကာယကံရှင်ရဲ့ တရားဝင်ပြောဆိုတဲ့အချက်ကို အခြေခံပြီးတော့ ရေးသွင်းတာဖြစ်ပါတယ်။ အဲဒီလို ရေးသွင်းတိုင်း လူမျိုးတစ်မျိုးအဖြစ် တရားဝင်သတ်မှတ်ခြင်းမဟုတ်ပါဘူး။ သတ်မှတ်တဲ့ လုပ်ထုံး လုပ်နည်းများ အတိုင်းသာ ကျွန်တော်တို့က ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ ရှမ်းနဲ့တရုတ် အိမ်ထောင်ကျပြီးတော့ ကလေးကို ရေးသွင်းခြင်း၊ ရှမ်းနဲ့ ကချင်လူမျိုးများ အိမ်ထောင်ကျပြီး ရေးသွင်းခြင်းမှာလည်းပဲ ကာယကံရှင်များရဲ့ တရားဝင်ပြောကြား ချက်ကိုသာ ကျွန်တော်တို့ဌာနမှာရှိတဲ့ဝန်ထမ်းများက ရေးသွင်းရခြင်းဖြစ်ပြီးတော့ ကျွန်တော်တို့ ဌာနမှာရှိတဲ့ ရေးသွင်းတဲ့ဝန်ထမ်းများအနေနဲ့ မည်သူ့ကို ရှမ်းဖြစ်စေ၊ မည်သူ့ကို တရုတ်ဖြစ်စေ၊ မည်သူ့ကို ကချင်ဖြစ်စေဆိုတဲ့ သတ်မှတ်ပိုင်ခွင့်၊ ပြဋ္ဌာန်းပိုင်ခွင့်မရှိပါကြောင်းနှင့် နောင်လာမည့်ကာလ များမှာလည်းပဲ မည်သည့်မျိုးနွယ်စုက မည်သည့်လူမျိုးမှာ ပါဝင်ကြောင်းကိုလည်းပဲ ကျွန်တော်တို့ အလေးအနက်ထားပြီးတော့ စဉ်းစားနေပါတယ်။ အဲဒီကိစ္စကိုလည်းပဲ တည်ဆဲဥပဒေများအရ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ပြဋ္ဌာန်းပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူးလို့ ကျွန်တော်တို့ တင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။ အခုလည်းပဲ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဌာနအပါအဝင်၊ သက်ဆိုင်တဲ့ဝန်ကြီးဌာန အထူးသဖြင့် တိုင်းရင်းသားရေးရာဝန်ကြီး

ဌာနက ဦးစီးပြီးတော့ နောင်မှာသတ်မှတ်ပြဋ္ဌာန်းပေးမယ်။ အားလုံးသုံးသပ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းရင်းသားများအားလုံးအတွက် လက်ခံနိုင်တဲ့အဖြေတစ်ခုနဲ့ အားလုံးအတွက် ညီညွတ်မျှတတဲ့ သင့်တော်ကောင်းမွန်တဲ့ အဖြေတစ်ခုရရှိမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာစံရွှေဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တင်သွင်းမည့် အဆိုကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းမထောင့်တွင်တည်ရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပုဂ္ဂလိကဆေးရုံဆောက်လုပ်ရန်အတွက် ငှားရမ်းခဲ့ခြင်းကိစ္စကို ရပ်ဆိုင်းသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ယခုအဆိုကို ပွင့်လင်းမြင်သာမှုရှိရေး၊ အများပြည်သူအကျိုးစီးပွားဖော်ဆောင်ရေးတို့နှင့် ဆက်စပ်နေ၍ တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအဆိုအား တင်သွင်းခွင့်ပြုတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်တစ်ခုဖြစ်ပြီး လူဦးရေအထူထပ်ဆုံးမြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်နေထိုင်ကြတဲ့ ပြည်သူများရဲ့

ကျန်းမာရေးကိစ္စများအတွက် ထိထိရောက်ရောက်နဲ့ အကောင်းဆုံးကုသမှုပေးနိုင်တဲ့ ဆေးရုံကြီးများ တည်ရှိရာ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်မြို့သူမြို့သားများသာမက နိုင်ငံအဝန်းမှာရှိတဲ့ ပြည်သူများ ကျန်းမာရေးစိစစ်ရေးကုသမှုများ ပြုလုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများ၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများနှင့် အထူးကုဆရာဝန်ကြီးများရှိနေတဲ့အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာလည်း တစ်နိုင်ငံလုံးရဲ့ ပြည်သူလူထုရဲ့ အားကိုးရာဆေးရုံကြီးတစ်ခု ဖြစ်ပါတယ်။ ယင်းဆေးရုံကြီးသို့ လာရောက်ကုသမှု များပြားလှတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နေတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကုတင်နေရာမလုံလောက်တဲ့အတွက် ၁၇၇၆ ဦးရှိတဲ့ ခုတင် ၁၅၀၀ ဆေးရုံကြီးအဖြစ်ကနေပြီးတော့ ဝန်ထမ်း ၃၀၅၇ ဦးရှိတဲ့ ခုတင် ၂၀၀၀ ဆေးရုံကြီးအဖြစ်ကိုလည်း တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယင်းကဲ့သို့ တိုးမြှင့်ပေးခဲ့သည့်တိုင် ခုတင်နေရာလုံလောက်ခြင်းမရှိတဲ့အတွက် ရန်ကုန်ဆေးရုံကြီးမှာ အထပ်မြင့်အဆောက်အဦ ဆောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ယခင်ပြည်ထောင်စုဝန်ကြီးကလည်း လွှတ်တော်သို့ ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ ရန်ကုန်ဆေးရုံကြီးအတွက် လိုအပ်သောဆေးကုသဆောင်များ တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ နောင်တိုးတက်လာမည့် ရန်ကုန်မြို့ရဲ့ လူဦးရေနှင့်လျော်ညီစွာ တိုးချဲ့နိုင်ရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနီးဝန်းကျင်မှာ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေများကို အစိုးရအဆက်ဆက်တို့က လျာထားပေးခဲ့တာ ဖြစ်ပါတယ်။ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ရဲ့ မြို့လယ်ခေါင်မြေဈေးများ အဆများစွာမြင့်တက်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော ပြည်တွင်းပြည်ပ စီးပွားရေးသမားများဟာ ၎င်းမြေနေရာများကို အသုံးပြုခွင့်ရရှိစေရန် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ဖူးကြပေမယ့် ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့ရန်အတွက် လျာထားမြေများဖြစ်တဲ့အတွက် မည်သည့်ပုဂ္ဂလိက လုပ်ငန်းရှင်ကိုမှ ခွင့်ပြုချက်မပေးဘဲ ခွင့်ပြုပေး၍မရသော မြေနေရာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်မှာတည်ရှိတဲ့ ဧရိယာအကျယ် အဝန်း ၄.၃ ဧက ရှိတဲ့မြေနေရာဟာ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အနီးမှာ တည်ရှိပါတယ်။ နောင် ရန်ကုန်ဆေးရုံကြီးကို တိုးချဲ့လျှင်လည်း အသုံးပြုရန်အတွက် လျာထားမြေနေရာလည်း ဖြစ်ပါတယ်။ ၎င်းမြေနေရာနှင့် တစ်ဆက်တစ်စပ်တည်းမှာ ရန်ကုန်သူနာပြုတက္ကသိုလ်၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီးတို့လည်းရှိနေပါတယ်။ ၎င်းမြေနေရာမှာ ၂၀၁၃ ခုနှစ်ကတည်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသစ်တည်ဆောက် ရန်အတွက် စီမံကိန်းရေးဆွဲမှုများလည်း ရှိခဲ့ကြောင်းသိရှိရပါတယ်။ ဒါ့အပြင် ရန်ကုန်

ဆေးတက္ကသိုလ်(၁)၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုတက္ကသိုလ်တို့မှ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများအတွက် အထက်ပါဆေးရုံများသို့ သွားရောက်သင်ကြားပြီး ဆေးလက်တွေ့ သင်တန်းများကို သင်ယူလေ့လာနိုင်တဲ့ ကျန်းမာရေးနယ်ပယ်တစ်ခုလည်း ဖြစ်ပါတယ်။ လုပ်ငန်းရှင်များအားခွင့်ပြုပေးခဲ့သည့် ပုဂ္ဂလိကဆေးရုံဟာ ပြည်ပသို့သွားရောက်ဆေးကုသရသော နိုင်ငံသားများအတွက် ပြည်တွင်းတွင်ကုသနိုင်ရန် ရည်ရွယ်သည်ဟုဆိုသော်လည်းပဲ မြန်မာနိုင်ငံရဲ့လက်ရှိ စီးပွားရေးအခြေအနေမှာ ပြည်သူအများစုဟာ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကဆေးရုံများကိုပင် တက်ရောက်ကုသနိုင်ခြင်း မရှိသေးပါဘူး။ ယင်းအတွက် ပြည်သူအများစုဟာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ပြည်သူ့ဆေးရုံများတွင်သာ ဆေးဝါးကုသမှုများကို ခံယူလျက်ရှိပါတယ်။ ဒီများပြားလှတဲ့လူနာများကို ဆေးကုသမှုပေးနေရတဲ့ ပြည်သူ့ဆေးရုံများမှာ နေရာမလုံလောက်မှုများ ရှိနေသည်မှာလည်း ကျွန်တော်တို့မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုရဲ့ ပကတိအခြေအနေ တစ်ရပ်ဖြစ်ပါတယ်။ ပြည်သူလူထုအများစုအတွက် လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တာဝန်မှာလည်းပဲ ပြည်ထောင်စုအစိုးရရဲ့ တာဝန်ဖြစ်သလို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ပါတယ်။

ယင်းအတွက် လိုအပ်သော ဆေးရုံသစ်များနှင့် ဆေးကုသဆောင်အသစ်များကို တည်ဆောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနဟာ ပြည်ထောင်စုအစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းမှာ တင်ပြတောင်းခံမှုများ ပြုလုပ်ဆောင်ရွက်နေပြီး ပြည်ထောင်စုလွှတ်တော်မှာလည်း စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ လိုအပ်သောတိုးချဲ့မှုများကိုဆောင်ရွက်ရန်အတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ တင်ပြလာသည်များကို ပြည်ထောင်စုလွှတ်တော်က စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ယင်းသို့ တိုးချဲ့ဆောက်လုပ်မှုများပြုလုပ်ရန်အတွက် ယခုမြေဧကဖြစ်တဲ့ ၄.၃ ဧကဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် မဖြစ်မနေအသုံးပြုရမည့်နေရာလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းမထောင့်တွင် တည်ရှိသော ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေ ၄.၃ ဧကသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ အနာဂတ်တိုးချဲ့လုပ်ငန်းများအတွက် မလွဲမသွေအသုံးပြုရမည့်မြေနေရာဖြစ်ပါလျက် ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ခွင့်ပြုငှားရမ်းခဲ့ခြင်းနှင့် ငှားရမ်းမှုနှင့်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုအစိုးရနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ ဆောင်ရွက်မှုများဟာ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိတဲ့အပြင်

အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိတဲ့အတွက် ရပ်ဆိုင်းသင့်ပါကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစံရွှေဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(တောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် လွှတ်တော်လေ့လာသူ ဧည့်သည်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေ ဖြစ်ပါတယ်။ အဆိုရှင် ဒေါက်တာစံရွှေဝင်းရဲ့အဆိုမှာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေနေရာအား ပွင့်လင်း မြင်သာမှုမရှိဘဲ ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းဟာ မြန်မာနိုင်ငံတော်ရဲ့ ဆေးပညာ ရပ်ဝန်းတစ်ခုလုံး၏ အကျိုးစီးပွားနှင့် အခြေခံလူတန်းစားမှအစ နိုင်ငံသူ နိုင်ငံသားများရဲ့ ကျန်းမာရေး အလို့ငှာသာ အသုံးပြုသင့်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထောက်ပြသွားတာကို တွေ့ရ ပါတယ်။ ကျွန်မအနေနဲ့ ဒီအဆိုအပေါ်ကို အလေးအနက်ထောက်ခံလိုတဲ့ အကြောင်းကတော့ မြေနေရာဟူသည်မှာ တိုးပွားလာသည့်ပစ္စည်းအမျိုးအစားမဟုတ်တဲ့အတွက် နောင်အနာဂတ်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားအများစုတို့အတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များတွင် မရှိမဖြစ်လိုအပ်မည့် မြေနေရာကို ပုဂ္ဂလိကပြည်တွင်းပြည်ပ လုပ်ငန်းရှင်များသို့ အနည်းဆုံးနှစ် ၅၀ မှ နှစ် ၇၀ အထိ ငှားရမ်းပေးလိုက်မယ်ဆိုပါက မြန်မာပြည်သူများရဲ့ ပျမ်းမျှ သက်တမ်း ၂၀၁၄ ခုနှစ် စစ်တမ်းအရ ၆၄ နှစ်၊ ၆၈ နှစ် ရှိပါတယ်။ အခု ၂၀၁၆ ခုနှစ် စစ်တမ်းအရကတော့ ၆၆ နှစ်၊ ၆၉ နှစ်ရှိပါတယ်။ အဲဒီတော့ မြန်မာပြည်သူတွေရဲ့ သက်တမ်းထက်တောင်မှ ပိုမိုရှည်လျားနေတဲ့ ငှားရမ်းမှုဖြစ်နေပါတယ်။ ဒီသက်တမ်းတစ်ခုစာအထိ လွှဲအပ်ပေးလိုက်ရမည့် အခြေအနေမျိုးကို ဆောင်ရွက်ဖို့ဆိုတာ အသာထားလိုက်ပါဦး။ စိတ်ကူးစဉ်းစားဖို့ပင်လျှင် မသင့်လျော်လို့ ခိုင်ခိုင်မာမာ ယုံကြည်တဲ့အတွက် ဒီအဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာစံရွှေဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာစံရွှေဝင်းတင်သွင်းတဲ့ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန်အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၅-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်

(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။
(ဩဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန် ရပ်နားပါသည်]

**မူကြမ်း**